ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်း

(၂၀၂၀)ပြည့်နှစ်

## နှလုံးနှင့် နှလုံးသွေးကြောရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်မှုလုပ်ငန်း(PEN Approach)

## (၄-၁-၅) ဆောင်ရွက်ရန် (၅) ရောဂါကုသမှုပေးခြင်း

## သွေးတိုးရောဂါ (Hypertension)

(၁) နာရီ

# သွေးတိုးရောဂါ (Hypertension)

## သွေးတိုးရောဂါဟု သတ်မှတ်နိုင်သော အခြေအနေ (Diagnosing Hypertension)

- သွေးပေါင်ချိန် ၁၄၀/၉၀ mmHg နှင့်အထက် – **၅ မိနစ်** ခြားနား၍ သွေးပေါင်ချိန် နှစ်ခါတိုင်းရန်။
- သွေးပေါင်ချိန် ၁၆၀/၁၀၀ mmHg နှင့်အထက် – **ချက်ချင်း** ဆေးကုသရန်။

မှတ်ချက် ။ သွေးပေါင်ချိန် ၁၃၀–၁၃၉/၈၀–၈၉ mmHg နှင့်
နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ချေရာခိုင်နှုန်း နည်းသူများသည်
သွေးတိုးရောဂါရှိသူများ လိုက်နာသင့်သော
ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူအနေအထိုင်များကို လိုက်နာရန်။

# သွေးတိုးရောဂါ ကုသပုံ ပုံစံ

## Calcium Channel Blocker (CCB) Protocol

### အသက်(၄၀)နှင့်အထက်ရှိသူများအားလုံး သွေးပေါင်ချိန်ရန်



# သွေးတိုးရောဂါ ကုသမှုခံယူနေသူ၏ ရှိသင့်သော သွေးပေါင်ချိန် (Target Blood Pressure)

1. သွေးပေါင်ချိန် ၁၄၀/၉၀ mmHg အောက်သို့ သွေးပေါင် ထိန်းထားရန်။
2. ဆီးချို/သွေးချိုရောဂါရှိသူနှင့်

   နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ချေ ရာခိုင်နှုန်းများသူများ (၂၀% နှင့်အထက်) တွင်

   သွေးပေါင်ချိန် ၁၃၀/၈၀ mmHg အောက်သို့ သွေးပေါင် ထိန်းထားရန်။

## Amlodipine (Calcium Channel Blocker–CCB) အသုံးပြုခြင်း၏ အားသာချက်များ

- မည်သည့် လူမျိုးတွင်မဆို အသုံးပြုနိုင်သည်။
- ကျောက်ကပ်နှင့် ဆားဓါတ် အခြေအနေများကို ပုံမှန် စစ်ဆေးနေရန် မလိုအပ်ပါ။
- အမျိုးသမီးများ ကိုယ်ဝန်ဆောင်နေစဉ် ကာလအတွင်း ဆေးပြောင်းရန် မလိုအပ်ပါ။

# Amlodipine (Calcium Channel Blocker–CCB) အသုံးပြုခြင်း၏ အားနည်းချက်များ

- ဆီးဆေးများထက် ဈေးကြီးပါသည်။
- ဆေးသောက်နေသော လူနာ (၁၀%) တွင် ခြေထောက် ရောင်ရမ်းတတ်ပါသည်။ *(အထူးသဖြင့် CCB သွေးပေါင်ကျဆေးတစ်မျိုးတည်းအား အများဆုံး ပေးနိုင်သည့် ပမာဏ ပေးထားလျှင်)*

## Ramipril (Aagiotensin Converting Enzyme Inhibitor–ACEI) *or* Losartan (Angiotensin Receptor Blocker–ARB) အသုံးပြုခြင်း၏ အားသာချက်

- နှလုံးသွေးကြောပိတ်ဖူးသူများနှင့် နှလုံးညှစ်အား နည်းသူများနှင့် ဦးနှောက်လေဖြတ်ဖူးသူများတွင် ပို၍ အကျိုးရှိပါသည်

## Ramipril (Aagiotensin Converting Enzyme Inhibitor–ACEI) *or* Losartan (Angiotensin Receptor Blocker–ARB) အသုံးပြုခြင်း၏ အားနည်းချက်များ

- အခြားသော သွေးပေါင်ကျဆေးများထက် ဈေးကြီး
- Ramipril (ACEI) သောက်သုံးသောလူနာ (၁၀၀%) တွင် ချောင်းဆိုးနိုင်
- Allergy ကဲ့သို့ (ဥပမာ – မျက်လုံးနှင် နှုတ်ခမ်း) ရောင်ရမ်းခြင်း လူအနည်းစုတွင် ဖြစ်နိုင်ပါသည် (Losartan (ARB) သောက်သူများတွင် မဖြစ်ပါ။)
- ကိုယ်ဝန်ဆောင်စဉ် သောက်သုံး၍ မရပါ
- ပိုတက်ဆီယမ်ဓါတ် များနိုင်ပါသည်။ (အထူးသဖြင့် နာတာရှည် ကျောက်ကပ်ဝေဒနာရှင်များ)

# သွေးကျဲဆေး (Aspirin) နှင့် သွေးတွင်းအဆီကျဆေး (Atorvastatin) သောက်သင့်သူများ

- နှလုံးသွေးကြောပိတ်ခဲ့ဖူးသူများ
- လေဖြတ်ခဲ့ဖူးသူများ
- ဆီးချို သွေးချိုရှိသူများ
- နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေရာခိုင်နှုန်း မြင့်သူများ (၁၀% နှင့်အထက်)

*** *သွေးကျဲဆေး (Aspirin 75) မစမီ သွေးပေါင်ချိန် ၁၄၀/၉၀ mmHg အောက်ရှိရန် လိုအပ်သည်။*

# သွေးကျဲဆေး (Aspirin) နှင့် သွေးတွင်းအဆီကျဆေး (Atorvastin) သောက်သင့်သူများ

** ဆီးချိုရောဂါရှိသူများနှင့် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေ ရာခိုင်နှုန်း ၁၀% –၂၀% ကြားရှိသူများတွင် Aspirin ၇၅ mg နှင့် Atovastatin ၁၀ mg ထပ်ထည့်ရန်

**နှလုံးသွေးကြောပိတ်ဖူးသူများ၊ လေဖြတ်ဖူးသူများနှင့် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ချေ ရာခိုင်နှုန်း ၂၀ % နှင့်အထက်ရှိသူများတွင် Atorvastatin ၂၀ mg ထပ်ထည့်ရန်

*** ကိုယ်ဝန်ဆောင်စဉ် Atorvastatin သောက်သုံး၍ မရပါ။

## ဆေးရုံသို့ လွှဲပြောင်းသင့်သည့် အခြေအနေများ –

- သွေးတိုးရောဂါကုသပုံတွင် ပြထားသော ဆေးများကို သောက်သုံးနေသော်လည်း သတ်မှတ်သွေးပေါင်ချိန် မရောက်ရှိသူများ။
- အရေးပေါ်အခြေအနေတစ်ခုခု ပေါ်ပေါက်လာလျှင် (လေဖြတ်ခြင်း၊ နှလုံးအမော ဖောက်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ဆီးသွားနည်းခြင်း၊ ဖောရောင်ခြင်း)
- ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများ ပြင်းထန်လာလျှင် (ဥပမာ – ဖောရောင်ခြင်း၊ ရင်တုန်ခြင်း)

## ဆေးရုံသို့ လွှဲပြောင်းသင့်သည့် အခြေအနေများ –

- အကယ်၍ သွေးပေါင်ချိန်သည် တိုက်နယ်ဆရာဝန်/သမားတော်မှ ပေးထားသော အခြား သွေးပေါင်ကျဆေး တစ်မျိုးမျိုးနှင့် ထိန်းနိုင်နေလျှင် သွေးပေါင်ကျဆေး ပြောင်းလဲရန် မလို အပ်ပါ။
- အကယ်၍ လူနာသည် မတ်တပ်ရပ်နေစဉ် မိုက်ခနဲ ခံစားရလျှင် မတ်တပ်ရပ်လျက် သွေးပေါင်ချိန်ရန်နှင့် အပေါ်သွေးပေါင်ချိန်သည် ၁၁၀ mmHg အောက် အမြဲရှိနေလျှင် ဆေးပမာဏ သို့မဟုတ် ဆေးအမျိုးအစား တစ်မျိုးမျိုးကို လျှော့ရန်။

# မကူးစက်ရောဂါများကို ပူးပေါင်းကာကွယ်ထိန်းချုပ်ကြပါစို့




## ကျေးဇူးတင်ပါတယ်